မွေတော်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မွေတော်ကျေးရွာ၊ ကလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မွေတောင်ကျေးရွာ
ကလောမြို့နယ်

မွေတော်ကျေးရွာ


မာတိကာ

စဉ်	**အကြောင်းအရာ**	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	၃
၁	**တည်နေရာနှင့်ပထဝီဝင်အနေအထား**	၄
၂	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၄
၃	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၄
၄	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၅
	(ခ)မွေးမြူရေးလုပ်ငန်း	၆
	(ဂ)ငါးလုပ်ငန်း	၆
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၆
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၆
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၇
	(ခ)ကျေးရွာမီးလင်းရေး	၇
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	၇
၆	**ပညာရေး**	၇,၈
၇	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၈
၈	**ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၈
၉	**ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**	၉
၁၀	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၀
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၁
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	-
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	၁၂
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၃

ကျေးရွာနှင့်သယ်ဇာတပြမြေပုံ

မြောက်
ရှေ့
ရေ

.....မြေလောက်..... ကျေးရွာ၊ .....ပင်လယ်.....ကျေးရွာအုပ်စု၊ ကလောမြို့နယ်။



အညွှန်း

ဘုန်းကြီးကျောင်း
ဘုရားစေတီ
စာသင်ကျောင်း
မြစ်
သစ်ပင်
အိမ်
ရေတွင်း
ရေလောင်းစင်းကား
သားသန်ရာ/မှတ်တိုင်
ကိုယ်ခင်း
ဘိုးရိုး

ရက်စွဲ။ ။ 19.12.2019.

• 4 GB DDR4 Memory • 1000 GB HDD

၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

အိုင်ယားကျေးရွာသည် ကလောမြို့နယ်၊ ပင်မှီကျေးရွာအုပ်စုတွင်ပါဝင်ပြီး လွန်ခဲ့သောနှစ် ပေါင်းများစွာကပင် တည်ရှိသောကျေးရွာ ဖြစ်ပါသည်။ မွေတော်ကျေးရွာသည် အောင်ပန်း-အင်း တိန်သွားလမ်းအနီးတွင်တည်ရှိပါသည်။ စီးပွားရေးအရအချက်အခြာကျသောအောင်ပန်းမြို့နှင့် (၇)မိုင်ကွာသာ ဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။ ကျေးရွာအနီးဝန်းကျင်တွင် ကျေးရွာများ သာတည်ရှိပြီး ကျေးရွာအနောက်ဖက်တွင် တောင်တန်းများရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် သဲ တောင် ကျောက်တောင်များရှိပါသည်။ ကျေးရွာမှအသုံးပြုနိုင်သည့်အတွက် ကျေးရွာဖွံ့ဖြိုးရေး လုပ် ငန်းများတွင် များစွာအထောက်အကူပြုပါသည်။ သဲ၊ကျောက်တောင်ရှိသဖြင့် တိုက်အိမ်များကို ဆောက်လုပ်နိုင်ကြသည်။ ကျေးရွာအနောက်ဖက် ရှိတောင်တန်းများသည် သဘာဝပေါက်ပင်များ စုံလင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ဝါး၊သက်ငယ်၊ ဆေးဖက်ဝင်အပင်နှင့် နွားစာများရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

မွေတော်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၇)စုနှင့်ကျား(၁၉၁)၊ မ(၁၉၅)ဦးဖြင့် လူဦးရေ ပေါင်း(၃၈၆)ဦးရှိပါသည်။ ကျေးရွာတွင် ပအိုဝ့်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၇၈%ရှိပြီး အမျိုးသားနှင့် အမျိုးသမီးဦးရေမှာ များစွာကွာခြားမှု မရှိသည့်အတွက် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ် အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိ ရပ်ဖအဖွဲ့၊ ဓမ္မစကြာအဖွဲ့တို့သာရှိပြီး ကျေးရွာ၏ ပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊သာရေးနာရေး ၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရောစုပေါင်းလုပ်ဆောင်ကြသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော Pact Myanmarအဖွဲ့ သာရှိပြီး ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက်လိုအပ်သောချေးငွေများကို ထုတ်ချေးနိုင်

ပါသည်။အခြားပြင်ပအဖွဲ့အစည်းများဝင်ရောက်ခြင်းမရှိပဲ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာရန်အတွက် အခြားသောသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မွေတော်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၂၁၄)ဧကနှင့် ယာမြေ(၅၁၄) ဧကစုစုပေါင်း(၇၂၈)ဧကရှိပါသည်။မြေယာမဲ့အိမ်ထောင်စု(၁)စု၊ ၂.၅ဧကအောက် ဆင်းရဲသား တောင်သူ(၁၄)အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြားတောင်သူငယ်(၃၂)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃၃)အိမ်ထောင်စု၊၁၂.၅ဧကအထက် တောင်သူကြီး(၁၇)စု စသည်တို့ရှိကြ ပြီး အဓိကအားဖြင့် စပါး၊အာလူးတို့ကိုစိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စုနှင့် ဆင်းရဲသော အိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ရာသီအလိုက်လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်ကြ ပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတသည်ဟုဆိုနိုင်သော်လည်း စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံစျေးကွက်ပေါ်မူတည်နေပါသည်။ ဆန်စပါးကိုဝမ်းစာဖူလုံရေးအတွက်စိုက်ပျိုးကြပြီး စျေးကွက်သို့တင်ပို့ရောင်းချနိုင်စွမ်းမရှိခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါကျရောက် ခြင်းများရှိနေပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါး၊ အာလူးတို့ကို အဓိကထားစိုက်ပျိုးပြီး ခရန်းချဉ်၊ ဂေါ်ဖီထုပ်၊ ပန်းနှမ်း၊ဂျုတို့ကို သီးထပ်စိုက်ပျိုးကြသည်။ သီးနှံ အထွက်နှုန်းမှာအသင့်အတင့်သာရှိပါသည်။ လယ်သာသုံးပစ္စည်းအနေဖြင့် လက်တွန်းထွန်စက်(၁၇)စီးပိုင်ဆိုင်ကြသည်။ စက်ပစ္စည်းမဆိုင်သူများက လူအားဖြင့်သော်လည်းကောင်း ငှားရမ်း၍သော်လည်းကောင်း လုပ်ကိုင်ကြသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ဓါတုပိုးသတ်ဆေးစသည်များကို အောင်ပန်းမြို့တွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ကြပါသည်။ သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ ပိုးမွှားရောဂါများကျရောက်တတ်ခြင်း၊ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးပစ္စည်းမလုံလောက်ခြင်းများရှိနေပါသည်။သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေ

အရည်အသွေးမကောင်းခြင်း၊ စိုက်ပျိုးရေး ဓါတုမြေဩဇာအသုံးပြုမှုနည်းမမှန်ခြင်း၊ မျိုးမကောင်းခြင်း၊ ဈေးကွက်ခက်ခဲခြင်းတို့ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မွေတော်ကျေးရွာတွင် နွားမွေးမြူထားသောအိမ်ထောင်စု(၅၈)စုရှိပြီး နွားကောင်ရေ(၁၂၆)ကောင်၊ ကျွဲမွေးမြူထားသောအိမ်ထောင်စု(၁၆)စုရှိပြီး ကျွဲကောင်ရေ(၁၇)ကောင်၊ ဝက်မွေးမြူထား

သောအိမ်ထောင်စု(၁၀)စုရှိပြီး ဝက်ကောင်ရေ(၃၁)ကောင်၊ ကြက်မွေးမြူထားသောအိမ်ထောင်စု(၂)စုရှိပြီး ကြက်ကောင်ရေ(၁၃)ကောင် ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ်မွေးမြူကြသည်။ ကျွဲ၊ နွားများကို စိုက်ပျိုးရေးလုပ်ငန်း တွင် အသုံးပြုရန်မွေးမြူကြခြင်းဖြစ်သည်။

ကျေးရွာတွင်စားကျက်မြေ အသင့်အတင့်ရှိပြီး မြေနေရာလုံလောက်မှုရှိပါသည်။ မျိုး ကောင်းမျိုးသန့်များဝယ်ယူနိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အခက် အခဲ ပြဿနာများမှာ မွေးမြူနိုင်ရန်ရေလုံလောက်မှုမရှိခြင်း၊ တိရိစ္ဆာန်ရောဂါကျရောက်မှုနှင့်ပတ် သက်၍ နည်းပညာဆိုင်ရာသိရှိမှုများအားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများပုံမှန် မရရှိပေ။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့်ပတ်သက် သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်သူနည်းပါးပါသည်။ ကျပန်းလုပ်သား များသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားအဖြစ် ဝင် ရောက်လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း၊ ဈေးကွက်အသင့်ရှိ ပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အသက် မွေးဝမ်းကျောင်းနည်းပညာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူနည်းပါးပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် Pact Myanmarငွေစုအဖွဲ့မှ ချေးငွေကိုရရှိကြသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြသည်။ ဆွေမျိုးများထံတွင် ချေးငှားရာ၌ အပေါင်ခံပစ္စည်းမလိုအပ်ပဲ အတိုးအနည်းငယ်သာပေး၍ ပြေလည်ချိန်မှသာပြန်လည် ပေးဆပ်ကြသည်။ ချေးငွေကို စားဝတ်နေရေး၊ ပညာရေး၊ကျန်းမာရေးနှင့် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြားမှုကြောင့် အစိုးရဘဏ်/ပုဂ္ဂလိကဘဏ်များ မှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့်သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ်များ၊ ကား၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးကာသီကာလတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာချဉ်းကပ်လမ်းမှာလည်း မြေသားလမ်း၊ကျောက်ချောလမ်းဖြစ်၍ မိုးတွင်းကာလ၌သာ အနည်းငယ်ခက်ခဲတတ်ပါသည်။အောင်ပန်းသို့ ကုန်စည်တင်ပို့သည့်လမ်းမှာ ကတ္တရာလမ်းဖြစ်သည့်အတွက် သွားလာရလွယ်ကူပါသည်။

ကျေးရွာတွင်ဘုံပိုင်ပစ္စည်းများ၊ ရွာပိုင် အိုးခွက်ပန်းကန်များသိမ်းဆည်းရန်နေရာအခက်အခဲရှိနေပါသည်။ ၄င်းအပြင် ကျေးရွာအစည်းအဝေးများပြုလုပ်ရန် သတ်မှတ်နေရာမရှိသည့်အတွက် အခက်အခဲရှိနေပါသည်။ ထို့ကြောင့် ကျေးရွာတွင်းရွာပိုင်မြေနေရာတွင် အများသုံးအဆောက်အဦး(၁)ခုရရှိရန် ကျေးရွာသူ/သားများက လိုလားနေကြပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုသာ အိမ်ထောင်စု(၉၇)စုလုံးမှ အသုံးပြုကြရပါသည်။ လျှပ်စစ်မီးမရရှိခြင်းကြောင့် ချက်ပြုတ်ရေးအတွက် ထင်းခုတ်ယူများရှိနေပါသည်။ ထင်းခုတ်ယူမှုများပြား

ခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။ လျှပ်စစ်မီး ရရှိမည်ဆိုပါက ကျေးရွာတွင်းရှိ ကျောင်းသား/သူများ၏ ပညာရေးမြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုအားကောင်းလာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်လာနိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပေးလာနိုင်ပါလိမ့်မည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၄၆)လုံး၊ ရေဒီယို(၁) လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့အတွက် အဆင်ပြေသော်လည်း အင်တာနက်အသုံးပြုနိုင်မှု နှေးကွေးပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းပညာကိုသင်ကြားနိုင်ကြပြီး အလယ်တန်းပညာကို ပင်မှီရွာမကျောင်းတွင်သွားရောက်သင်ကြားကြရသည်။ အထက်တန်းပညာရေးကို အောင်ပန်းမြို့ပေါ်သို့သွားရောက်

သင်ကြားကြပါသည်။ ကျေးရွာသူ/သားအများစုမှာ ပညာရေးအပေါ်တွင် စိတ်ဝင်စားမှုနည်းပါးသည်ကိုတွေ့ရပါသည်။ကျေးရွာသူ/သားအများစုမှာ မူလတန်းပညာရေးကိုသာရရှိကြပြီး တက္ကသိုလ်ပညာတတ်မြောက်သူနည်းပါးပါသည်။ ကျောင်းဆရာ/ဆရာမအင်အားလုံလောက်မှုရှိသော်လည်း ကျောင်းပရိဘောဂများ၊ အားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမှီမှု အားနည်းနေ ပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မွေတော်ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသည့် ပင်မှီရွာမရှိ ကျေးလက်ဆေးပေးခန်းတွင်ရရှိနိုင်ပါသည်။ ရွာသူ/သားများတွင် ရောဂါအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိပဲ သာမန်ရာသီအလိုက်ဖြစ်ပွားတတ်သော ဖျားနာခြင်း၊ ဆီးချို၊ သွေတိုး တို့သာအဖြစ်များပါသည်။ ကျေးလက်ဆရာမမှ ကျေးရွာသို့လာရောက်၍ လိုအပ်သည့် ကာကွယ်ဆေးများထိုးနှံပေးပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့် လူနာများသည် အောင်ပန်းဆေးရုံသို့လည်းကောင်း ၊ ကုတင်(၇၀၀)ဆေးရုံသို့လည်းကောင်း သွားရောက်ကုသမှုခံယူကြရပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကိုသာအဓိကထားသုံးစွဲကြသည်။ အချို့ပြေလည်သောအိမ်ထောင်စုများမှာ မိမိတို့အိမ်ခြံဝန်းအတွင်း၌ မိုးရေလှောင်ကန်ကြီးများဖြင့် မိုးရေကိုသိုလှောင်သုံးစွဲကြပါသည်။ သုံးရေအတွက် မြေသားရေကန်မှရေကို သုံးစွဲကြပါသည်။ မိုးရာသီနှင့်

ဆောင်ရာသီကာလတွင် သောက်သုံးရေလုံလောက်မှု ရှိသော်လည်း နွေရာသီကာလတွင် ရေရှားပါးတတ်ပါသည်။

မွေတော်ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကိုသာအသုံးပြုကြသည်။ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့်ပတ်သက်သည့် ရောဂါများ၊ ကျန်းမာရေးနှင့်ပတ်သက်သော ဟောပြောပွဲများပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာကျရောက်မှုမရှိ ပါ။ ဘေးအန္တရာယ်ကျရောက်လာပါလည်း ကာကွယ်ရန်နည်လမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင်လည်း စနစ်တကျစွန့်ပစ်မှုမရှိသေးပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ပညာပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများအနေဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကိုခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့်အမျိုးသားဦးမှာ များစွာသောကွာဟမှုမရှိပါ။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးများအနေဖြင့် ပါဝင်နိုင်မှုည်းပါးပါသည်။ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးပါဝင်မှု မရှိသလောက်နည်းပါးသော်လည်း ကျေးရွာသာရေးနာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။ အမျိုးသမီးများသည် လုပ်ငန်းခွင်တွင်လည်း လုပ်အားခရရှိမှုမှာ အမျိုးသားများထပ်နည်းပါးပါသည်။ ထိုမတူညီသော လုပ်အားခများသည် အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓါတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး လူမှုရေး အုပ်ချုပ်ရေး စသည်တို့တွင်ပါဝင်လာနိုင်ရန်အတွက် ပညာပေးဟောပြောပွဲများပြုလုပ်၍ အမျိုးသမီးများပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ မွေတော်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - ပင်မ		ကျေးရွာအမည် - မွေတော်	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း(၅၄'-၁၉'-၁၀')	
၂	အခြေခံအဆောက်အဦ	အခြားသောအခြေခံအဆောက်အဦများ	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း(၅၀'-၂၀'-၁၀')	
၃	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးဝေရေး	မြေသားရေကန်နှုန်းဆယ်ပြုပြင်ခြင်း(၃၈၀'-၂၅၀'-၃')	

မွေတော်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမောင်ကောင်း	ဦးဖိုးလွန်	-	၄၈	ဥက္ကဋ္ဌ	၀၉ – ၇၆၁၃၅၈၉၃	
၂	ဦးကျော်လွန်း	ဦစံရီ	၁၃/ကလန(နိုင်)၀၉၆၀၁၉	၄၉	ဘဏ္ဍာထိန်း	၀၉ - ၄၅၂၅၅၂၀၆၇၀	
၃	ဦးကျော်စိမ်း	ဦးပျို	၁၃/ကလန(နိုင်)၀၆၇၉၇၆	၄၄	အတွင်းရေးမှူး	၀၉ – ၃၀၃၇၄၈၁၀	
၄	ဦးသန်းဌေး	ဦးချစ်မောင်	၁၃/ကလန(နိုင်)၀၈၃၈၉၀	၃၁	စာရင်းကိုင်	၁၉ - ၄၀၀၁၉၂၂၉၂	
၅	ဦးထွန်းတျဉ်	ဦးဖိုးမောင်	၁၃/ကလန(နိုင်) ၀၈၃၈၆၀	၃၁	သော့ထိန်း	၀၉ - ၇၉၂၁၅၃၃၉၀	
၆	ဦးကျော်သန်း	ဦးလုံ	၁၃/ကလန(နိုင်) ၀၆၇၉၃၄	၃၉	စာရင်းစစ်		
၇	ဦးသန်းစိုး	ဦးကျော်မျိုး	-	၂၈	သော့ထိန်း	၀၉ - ၄၂၈၃၆၉၈၇၆	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
၁	နွေရာသီကာလတွင်သာကောင်းစွာစာသင်ကြားနိုင်ခြင်း၊ ကျောင်းသား /သူများ စာစိတ်ဝင်စာမှု နဲ့ပါးခြင်း	စာသင်ကျောင်းမှာကိုယ်ထူကိုယ်ထကျောင်းဖြစ် သည့် အတွက်ခိုင်ခံ့မှု မရှိခြင်း၊ ဝါးထရံများဖြင့်သာကာရံ ထားခြင်း	ကျောင်းသား /သူ (၆၀)ဦးရှိခြင်း၊ မိဘများမှစိတ်အားထက်သန်ခြင်း၊ မြေနေရာရှိခြင်း	ငွေကြေး	ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း (၅၄'-၁၉'-၁၀')
၂	နွေရာသီတွင် ရေများခမ်းခြောက်လွယ်ခြင်း၊ သောက်သုံးရေဖူလုံမှုမရှိခြင်း	မြေသားရေကန်မှာနှုန်းများဖြင့်ပြည့်နေခြင်း	လုပ်အား	ငွေကြေး၊ စက်၊ ယန္တရား	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	မြေသားရေကန်နှုံးဆယ်ယူပြုပြင်ခြင်း (၃၈၀'-၂၅၀'-၃')
၃	ကျေးရွာပိုင်ပစ္စည်းများ၊အိုးခွက်ပန်းကန်များသိမ်းဆည်ရန်နေရာမရှိခြင်း၊ အစည်းအဝေးများပြုလုပ်ရန်သတ်မှတ်နေရာမရှိခြင်း	ကျေးရွာအများသုံးအဆောက်အဦမရှိခြင်း	လုပ်အား၊ ကျောက်၊ သဲ	ငွေကြေး	ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၅၀'-၂၀'-၁၀')

နောက်ဆက်တွဲ (၄)

မွေတော်ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း (၅၄'-၁၉'-၁၀')	၁	🕐	🕐			
၂	ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း (၅၀'-၂၀'-၁၀')	၂		🕐	🕐		
၃	မြေသားရေကန်နှုန်းဆယ်ပြုပြင်ခြင်း (၃၈၀'-၂၅၀'-၃')	၃			🕐	🕐	🕐